# အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 နှင့်ပတ်သက်၍ တိုကျိုမြို့၏မြို့သူမြို့သားများအားလုံးကို မေတ္တာရပ်ခံအပ်ပါသည်။

○ ယခု အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 ဖြစ်ပွားနေသည့်လူများမှာ အလွန်များပြားပါသည်။ ထပ်ပြီး တိုးပွားလာပါက အန္တရာယ်ရှိပါသည်။ အန္တရာယ်များပါသည်။

○ တိုကျိုမြို့တွင် အရေးပေါ်အခြေအနေကြေငြာချက် ထုတ်ပြန်ခဲ့ပါသည်။ ယခု အရေးကြီးသည်မှာ တတ်နိုင်သမျှ အိမ်ထဲတွင်နေရန်၊ အပြင်မထွက်ကြရန် ဖြစ်ပါသည်။ ထို့အပြင် လူများနှင့်တွေ့ဆုံခြင်း၊ စကားပြောဆိုခြင်းများ မလုပ်ကြပါနှင့်။

○ အရေးပေါ်အခြေအနေကြေငြာချက်သည် သင့်ဘဝနေထိုင်မှုကို ပြောင်းလဲပါ ဟုမေတ္တာရပ်ခံခြင်းဖြစ်ပါသည်။

**ဘယ်အချိန်မှ ဘယ်အချိန်ထိ** ဧပြီလ25ရက်(တနင်္ဂနွေနေ့) မနက်0နာရီ မှ မေလ11ရက်(အင်္ဂါနေ့)ည12နာရီထိ

## တိုကျိုမြို့တွင်နေထိုင်သူများ

### အိမ်ထဲတွင်နေပါ

○ တတ်နိုင်သမျှ အိမ်ထဲတွင် နေပါ။
တတ်နိုင်သမျှ အပြင်မထွက်ပါနှင့်။

○ Golden Week (GW) တွင် ခရီးများမသွားကြပါနှင့်။

○ အမြဲတမ်းအတူမနေသည့်သူများနှင့် အွန်လိုင်းတွင်တွေ့ပါ။

### ထမင်းစားသည့်အခါ

○ ထမင်းကို မိသားစုများ၊ အတူနေထိုင်နေသည့်သူများနှင့် စားပါ။

○ လမ်းများ၊ ပန်းခြံများတွင် စုဝေးပြီး အရက်မသောက်သုံးပါနှင့်။

## ဆိုင်ဖွင့်ထားသူများ

### ခေတ္တပိတ်ထားပါ၊ အချိန်ကိုလျှော့ပါ

【စားသောက်ဆိုင်များ】

(၁)မေတ္တာရပ်ခံချင်သည့်ဆိုင်များ။ အရက်ရောင်းသည့်**စားသောက်ဆိုင်များ၊ ကာရာအိုကေ**စသည်
မေတ္တာရပ်ခံချက် ။ ခေတ္တပိတ်ထားပါ

(၂)မေတ္တာရပ်ခံချင်သည့်ဆိုင်များ။ (၁)အပြင်အခြားဆိုင်များ
ဆိုင်ဖွင့်၍ရသောအချိန် ။ **မနက် 5နာရီမှ ည 8နာရီအထိ**

【event ပွဲများပြုလုပ်သည့်ဆိုင်များ※】

○ မေတ္တာရပ်ခံချက်။ ကြည့်ရှုသူ (ဧည့်သည်များ) ကိုမသွင်းပါနှင့်။

※ပြဇာတ်ရုံ၊ အစည်းအဝေးခန်းမ၊ အားကစားစင်တာ၊ အပန်းဖြေဥယျာဉ် စသည်

一般財団法人
東京都つながり創生財団
Tokyo Metropolitan Foundation "TSUNAGARI"

# စင်တာများနှင့်ပတ်သက်၍ - ခေတ္တပိတ်ထားရန်မေတ္တာရပ်ခံချက်

## ● စင်တာ၏အရွယ်အစားပေါ်မူတည်၍ ကွဲပြားမှုရှိပါသည်။

| စင်တာများ | ဥပမာများ | မေတ္တာရပ်ခံချက်များ |
|---|---|---|
| ပြဇာတ်ရုံ စသည် | ရုပ်ရှင်ရုံ၊ နက္ခတ်တာရာပြခန်း စသည် | **【1,000$m^2$ ထက်ကျယ်သည့်စင်တာများ】**<br>● **ခေတ္တပိတ်ထားပါ**<br><br>**【1,000$m^2$ အောက်စင်တာများ】**<br>● တတ်နိုင်သမျှ **ခေတ္တပိတ်ထားပါ** |
| ရောင်းဝယ်ရေးစင်တာ | ဈေးဝယ်စင်တာ၊ ယန်းတစ်ရာဆိုင် (ကုန်တိုက်)၊ စူပါမားကတ်၊<br>၂၄နာရီဖွင့်သည့်ဆိုင်၊ ဆေးဆိုင်၊ ဓာတ်ဆီဆိုင် စသည် | |
| အားကစားစင်တာ | အားကစားရုံ၊ ရေကူးကန် (pool)၊ မိုးလုံလေလုံတင်းနစ်ကွင်း စသည် | |
| ဂိမ်းစင်တာ | ဘိုးလင်းကစားရုံ၊ အားကစားကလပ်၊<br>pachinko ဆိုင်များ၊ ဂိမ်းစင်တာ စသည် | |
| ပြတိုက် စသည် | ပြတိုက်၊ အနုပညာပြခန်း၊ ငါးပြတိုက်၊ တိရိစ္ဆာန်ရုံ စသည် | |
| အပန်းဖြေစင်တာ | သီးသန့်ခန်းပါဗီဒီယိုဆိုင်၊ သီးသန့်ခန်းပါရေချိုးခန်းစီးပွားရေးနှင့်<br>ဆိုင်သောအများသုံးရေချိုးခန်း၊ မြင်းလောင်းလက်မှတ်အရောင်းဌာန<br>စသည် | |
| ဝန်ဆောင်မှုလုပ်ငန်း | စူပါမားကတ်အများသုံးရေချိုးခန်း၊ လက်သည်းအလှပြင်ဆိုင်၊<br>အလှအပဆိုင်ရာလုပ်ငန်း စသည် | |

# event ပွဲများနှင့်ပတ်သက်၍ - မေတ္တာရပ်ခံချက်

● **event ပွဲများနှင့်ပတ်သက်၍မေတ္တာရပ်ခံချက် - စင်တာပေါ်မူတည်၍ ကွဲပြားမှုရှိပါသည်။**

- **ကြည့်ရှုသူ (ဧည့်သည်များ) ကို စင်တာထဲသို့ မသွင်းပါနှင့်။**

## ● မေတ္တာရပ်ခံချင်သည့်စင်တာများ

| စင်တာများ | ဥပမာများ | မေတ္တာရပ်ခံချက် |
|---|---|---|
| ပြဇာတ်ရုံ စသည် | ပြဇာတ်ရုံ၊ လေ့လာကြည့်ရှုကွင်း စသည် | ● **ကြည့်ရှုသူ (ဧည့်သည်များ) ကို စင်တာထဲသို့ မသွင်းပါနှင့်။**<br>【အားကစားစင်တာဖွင့်ထားသူများသို့ မေတ္တာရပ်ခံချက်】<br>・ဝင်သည့်လူကို လျှော့ချလိုက်ပါ<br>・အရက်မရောင်းပါနှင့်<br>・အချိန်စော၍ ပိတ်ပါ<br>(～20နာရီအထိ) |
| အစည်းအဝေးခန်းမ စသည် | အစည်းအဝေးခန်းမ၊ ပြည်သူ့ခန်းမ စသည် | |
| ပြခန်း | ပြခန်း၊ အဌားအစည်းအဝေးခန်း စသည် | |
| ဟိုတယ် စသည် | ဟိုတယ်၊ ဂျပန်စတိုင်တည်းခိုခန်း (စုဝေးရန်အသုံးပြုမည့်နေရာသာလျှင်) | |
| အားကစားစင်တာ | ဘောစ်ဘော့ကွင်း၊ ဂေါက်ကွင်း၊ ဘက်တံရိုက်လေ့ကျင့်ကွင်း စသည် | |
| အပန်းဖြေကွင်း | ပျော်စရာပန်းခြံ၊ အပန်းဖြေဥယျာဉ် | |